

YANGON STOCK EXCHANGE

Yangon Stock Exchange

Quarterly e-newsletter — Oct .2026 | Vol.22

- ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ် ဒုတိယသုံးလပတ်အတွင်း ရန်ကုန်စတော့အိပ်ချိန်း၏ ဈေးကွက်အခြေအနေ သုံးသပ်ချက်
- စတော့ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေခံသင်တန်း အပတ်စဉ် (၀၀၂/၂၀၂၆) ဖွင့်လှစ်
- ရန်ကုန်စတော့အိပ်ချိန်းသို့ ပုဂ္ဂလိကသင်တန်းကျောင်းများမှ လေ့လာရေးအဖွဲ့များလာရောက်
- “၂၀၂၆ တရုတ်-အာဆီယံ ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်” သို့ တက်ရောက်
- စာရင်းဝင်ကုမ္ပဏီများနှင့်မှတ်ပုံတင်ကုမ္ပဏီများ၏ အရေးကြီးထုတ်ပြန်ချက်များ
- ဒုတိယသုံးလပတ်အတွင်းစတော့ဈေးကွက်အခြေအနေများ





အကျဉ်းချုပ်သုံးသပ်ချက်

- ၂၀၂၆ ခုနှစ် ဒုတိယသုံးလပတ် (ဇူလိုင်လ– စက်တင်ဘာလ) အတွင်း ရန်ကုန်စတော့အိပ်ချိန်း ၏ ဈေးကွက်အခြေအနေများမှာ ပထမသုံးလပတ်နှင့်နှိုင်းယှဉ်ပါက အစုရှယ်ယာဈေးနှုန်းများ အနည်းငယ်ကျဆင်းခဲ့သော်လည်း အရောင်းအဝယ်ဖြစ်သည့်တန်ဖိုးမှာမူ ပထမသုံးလပတ်ထက် တိုးတက်လာသည်ကို တွေ့ရပါသည်။
- စာရင်းဝင်ကုမ္ပဏီများအနက် Ever Flow River Group Public Co., Ltd. (EFR) နှင့် G.B.S Agricultural Services Public Co., Ltd. (ASPGB) တို့၏ အရောင်းအဝယ်ဖြစ်သည့်တန်ဖိုးသည် အများဆုံးဖြစ်ခဲ့ပြီး၊ ဈေးကွက်အတွင်း ရင်းနှီးမြှုပ်နှံသူများ၏ စိတ်ဝင်စားမှု ဆက်လက်မြင့်တက်နေမှုကို ဖော်ပြနေပါသည်။
- အထူးသဖြင့် ဩဂုတ်လတွင် Ever Flow River Group Public Co., Ltd. (EFR) ရှယ်ယာများကို Block Trading ဖြင့် ကျပ် သန်း သုံးထောင်ကျော် အရောင်းအဝယ်ဆောင်ရွက်ခဲ့သည်ကိုတွေ့ရှိရသောကြောင့် ဈေးကွက်အတွင်း ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုတိုးတက်လာခြင်းနှင့် အရောင်းအဝယ်ဆောင်ရွက်မှုများတွင် ပိုမိုတက်ကြွစွာ ပါဝင်လာခြင်းတို့ကို တွေ့ရပါသည်။
- ထို့အပြင် မှတ်ပုံတင်ကုမ္ပဏီတစ်ခုဖြစ်သည့် G.B.S Agricultural Services Public Co., Ltd. (ASPGB) မှ Corporate Action တစ်ခု ဖြစ်သော အစုရှယ်ယာခွဲခြမ်းခြင်း (Share Split) ကို ဆောင်ရွက်ခဲ့ခြင်းကြောင့် ၎င်း၏အစုရှယ်ယာဈေးနှုန်း သိသိသာသာကျဆင်းလာခဲ့သော်လည်း အရောင်းအဝယ်ပမာဏမှာမူ ပထမသုံးလပတ်အတွင်း ကျပ် ၄၈၉ သန်း ကျော် ရောင်းချခဲ့ရာမှ ဒုတိယသုံးလပတ်အတွင်း ကျပ် သန်း ၄,၃၂၀ ကျော် အထိ အရောင်းအဝယ် တိုးမြင့်ပါသည်။ အရောင်းအဝယ်ပမာဏ သိသိသာသာ မြင့်တက်လာခြင်းကြောင့် ဈေးကွက်အတွင်း ရင်းနှီးမြှုပ်နှံသူများအကြား ယုံကြည်မှုတိုးတက်လာခြင်းနှင့် အရောင်းအဝယ်ဆောင်ရွက်မှုတွင် ပိုမိုတက်ကြွစွာ ပါဝင်လာခြင်းတို့ကို တွေ့ရပါသည်။



စတော့ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေခံသင်တန်း အပတ်စဉ် (၀၀၂/၂၀၂၆) ဖွင့်လှစ်

ရန်ကုန်စတော့အိပ်ချိန်း၏ စတော့ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေခံသင်တန်း အပတ်စဉ် (၀၀၂/၂၀၂၆) ကို ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ (၂၅) ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပါသည်။ စတော့ဈေးကွက်ကိုစတင်လေ့လာမည်သူများနှင့် ရင်းနှီး မြှုပ်နှံသူများအနေဖြင့် စတော့ဈေးကွက်၏ အခြေခံ သဘောတရားများကို အချိန်တိုအတွင်း အွန်လိုင်းမှတဆင့် လွယ်လင့်တကူ လေ့လာသိရှိနိုင်စေရန် ရည်ရွယ်၍ YSX တွင် လက်ရှိ တာဝန်ထမ်းဆောင်နေသည့်ဆရာများနှင့် ပြင်ပမှ ဘဏ္ဍာရေးကျွမ်းကျင်သူ ပညာရှင်များကိုယ်တိုင် သင်ကြားပို့ချပေးသောသင်တန်း ဖြစ်ပါသည်။ သင်တန်းကာလမှာ တစ်လခန့်ကြာမြင့်ခဲ့ပြီး သင်တန်း သား (၁၂၃) ဦး တက်ရောက်ခဲ့ပါသည်။

continued Pg.2

YANGON STOCK EXCHANGE

Yangon Stock Exchange

Quarterly e-newsletter — Oct .2026 | Vol.22

ရန်ကုန်စတော့အိပ်ချိန်းသို့ ပုဂ္ဂလိကသင်တန်းကျောင်းများမှ လေ့လာရေးအဖွဲ့များလာရောက်

Chindwin Technological College မှ သင်တန်းသား/သူ (၃၀) ဦး ပါဝင်သော လေ့လာရေးအဖွဲ့၊ Strategy First International College မှ သင်တန်းသား/သူ (၆၁) ဦး ပါဝင်သော လေ့လာရေးအဖွဲ့၊ Nay Lin Aung Finance & Accountancy Academy မှ သင်တန်းသား/သူ (၅၃) ဦး ၊ စက်တင်ဘာလ (၂) ရက်နေ့တွင်သင်တန်းသား/သူ (၄၃) ဦး ၊ စက်တင်ဘာလ (၃) ရက်နေ့တွင် သင်တန်းသား/သူ (၄၈) ဦး ၊ စက်တင်ဘာလ (၉) ရက်နေ့တွင် သင်တန်းသား/သူ (၂၀) ဦး ပါဝင်သော လေ့လာရေး အဖွဲ့နှင့် DBU International Collegeမှ သင်တန်းသား/သူ (၅၁) ဦး ပါဝင်သော လေ့လာရေးအဖွဲ့တို့သည် ၂၀၂၆ ခုနှစ်၊ ဇူလိုင်လမှ စက်တင်ဘာလများအတွင်း ရန်ကုန်စတော့အိပ်ချိန်းသို့ လေ့လာရေးခရီး လာရောက်ခဲ့ ကြပါသည်။ အဆိုပါ ခရီးစဉ်များအတွင်း ရန်ကုန်စတော့အိပ်ချိန်းမှ လုပ်ငန်းပိုင်းဆိုင်ရာအရာရှိချုပ်ဦးမင်းသူမှ “Overview of Capital Market” ခေါင်းစဉ်ဖြင့် အရင်းအနှီး ဈေးကွက်ဆိုင်ရာ သိကောင်းစရာများနှင့် စတော့ရှယ်ယာများ မည်ကဲ့သို့ ရောင်းဝယ် ကြသည်များကို ရှင်းလင်းပို့ချ အသိပညာ မျှဝေ ပေးခဲ့ပါသည်။ တက္ကသိုလ်များနှင့် ပုဂ္ဂလိက ပညာရေး သင်တန်း ကျောင်းများ၏ လေ့လာရေးခရီးစဉ်များကို ရန်ကုန်စတော့အိပ်ချိန်းမှ လက်ခံ ဆောင်ရွက်ပေးလျက် ရှိပြီး လေ့လာရေးလာရောက်လိုပါက ရုံးချိန် အတွင်း ဖုန်း (၀၁-၃၇၁ ၂၇၄) သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။



၂၀၂၆ တရုတ်-အာဆီယံ ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဖိုရမ်” သို့ တက်ရောက်ခြင်း

“၂၀၂၆ တရုတ်-အာဆီယံ ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဖိုရမ်” ကို ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်မှ ၁၉ ရက်အထိ တရုတ်နိုင်ငံ၊ ကွမ်ရှီးပြည်နယ်၊ နန်နင်းမြို့၊ ရှန်ဂရီလာဟိုတယ်တွင် ကျင်းပပြုလုပ်ခဲ့ရာ ရန်ကုန်စတော့အိပ်ချိန်းမှ ကိုယ်စား လှယ် တစ်ဦး တက်ရောက်ခဲ့ပါသည်။ “AI Empowering Financial Cooperation and AI Supporting Security Governance” ခေါင်းစဉ် ဖြင့်ကျင်းပခဲ့သည့် အဆိုပါဖိုရမ်တွင် တရုတ်–အာဆီယံ ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းလာစေရေး အတွက် ဘဏ္ဍာရေးဝန်ဆောင်မှု လုပ်ငန်းများတွင် ဉာဏ်ရည်တုနည်းပညာ (AI) အသုံးချမှု၊ နယ်စပ်ဖြတ်ကျော်ငွေပေးချေမှုစနစ်များ၊ ဒေသတွင်းငွေကြေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှု၊ ဘဏ္ဍာရေးဆန်းသစ်တီထွင်မှုနှင့် ဘဏ္ဍာရေးလုံခြုံမှုဆိုင်ရာ ကိစ္စရပ်များကိုအဓိကထား၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပါသည်။

စာရင်းဝင်ကုမ္ပဏီများနှင့်မှတ်ပုံတင်ကုမ္ပဏီများ၏ အရေးကြီးထုတ်ပြန်ချက်များ ဇူလိုင်-သြဂုတ်-စက်တင်ဘာ-၂၀၂၆

FMI

- Record date အား အသိပေးကြေညာခြင်း

MTSH

- Solar Energy Pilot Project ပြီးစီးကြောင်းအသိပေးကြေညာခြင်း
- ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက်အစုရှယ်ယာကိစ္စရပ်များ အကြောင်းထုတ်ပြန်ကြေညာခြင်း
- MTSH နှင့် GCLSI တို့အကြားနေရောင်ခြည်စွမ်းအင်သုံးစီမံကိန်း အကြောင်းအသိပေးကြေညာခြင်း
- ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် နှစ်ပတ်လည်အစီရင်ခံစာ ထုတ်ပြန်ခြင်း
- (၁၃) ကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေးဖိတ်ကြားလွှာ

MCB

- အစုရှယ်ယာရှင်များသို့ အသိပေးအကြောင်းကြားခြင်း
- Record date အား အသိပေးကြေညာခြင်း

FPB

- နှစ်ပတ်လည်အစီရင်ခံစာ ထုတ်ပြန်ကြေညာခြင်း
- Record date အားအသိပေးကြေညာခြင်း

LISTED & REGISTERED COMPANIES UPDATES (Q2-2026-27)

■ **FMI | Sep 2026**

Record date အား အသိပေးကြေညာခြင်း

FMI ၏ ၂၀၂၆ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးမည့်ဘဏ္ဍာရေးနှစ်အတွက် အစုရှယ်ယာရှင်အတည်ပြုမည့်ရက် Record Date အား ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်တွင် အသိပေးကြေညာခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/M6vyF

■ **MTSH | Aug 2026**

Solar Energy Pilot Project ပြီးစီးကြောင်းအသိပေးကြေညာခြင်း

MTSH အများနှင့်သက်ဆိုင်သော ကုမ္ပဏီလိမိတက်မှ ၂၀၂၆ ခုနှစ်၊ သြဂုတ်လ ၂၀ ရက်နေ့တွင် MTSH ၏ ၃.၃၇ မဂ္ဂါဝပ် (MW) ဆိုလာစွမ်းအင်ရှေ့ပြေးစီမံကိန်း အောင်မြင်စွာပြီးစီးကြောင်း ရှယ်ယာရှင်များထံသို့ အသိပေးကြေညာခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/2Gp0z

■ **MTSH| Aug 2026**

၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် အစုရှယ်ယာကိစ္စရပ်များအကြောင်း ထုတ်ပြန်ကြေညာခြင်း

MTSH အများနှင့်သက်ဆိုင်သော ကုမ္ပဏီလိမိတက်မှ ၂၀၂၆ ခုနှစ်၊ သြဂုတ်လ ၂၀ ရက်နေ့တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် အဆိုပြုထားသည့် အမြတ်ဝေစု၊ အမြတ်ဝေစုခံစားခွင့်ရရှိမည့် အစုရှယ်ယာရှင်အဖြစ်အတည်ပြုမည့်ရက်နှင့် အမြတ်ဝေစုခံစားခွင့်မရှိသော အစုရှယ်ယာဝယ်ယူသည့်ရက်တို့ အား အသိပေးကြေညာခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/8u6S4

■ **MTSH | Aug 2026**

MTSH နှင့် GCLSI တို့အကြားနေရောင်ခြည်စွမ်းအင်သုံးစီမံကိန်းအကြောင်းအသိပေးကြေညာခြင်း

MTSH အများနှင့်သက်ဆိုင်သော ကုမ္ပဏီလိမိတက်မှ ၂၀၂၆ ခုနှစ်၊ သြဂုတ်လ ၂၁ ရက်နေ့တွင် MTSH နှင့် GCLSI ၏ ၂၀၀ MW နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားစီမံကိန်း ပူးပေါင်းဆောင်ရွက်မှုအကြောင်း ရှယ်ယာရှင်များထံသို့ အသိပေးကြေညာခဲ့ပါသည်။
အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/DyXS7

■ **MTSH| Aug 2026**

၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက်နှစ်ပတ်လည်အစီရင်ခံစာထုတ်ပြန်ကြေညာခြင်း

MTSH အများနှင့်သက်ဆိုင်သော ကုမ္ပဏီလိမိတက်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် နှစ်ပတ်လည်အစီရင်ခံစာအား ၂၀၂၆ ခုနှစ်၊ သြဂုတ်လ ၂၁ ရက်နေ့တွင် အသိပေးထုတ်ပြန်ခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/spySH

■ **MTSH| Sep 2026**

(၁၃) ကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေးဖိတ်ကြားလွှာ

MTSH အများနှင့်သက်ဆိုင်သော ကုမ္ပဏီလိမိတက်မှ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့တွင် MTSH ၏ (၁၃)ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးဖိတ်ကြားလွှာအား ရှယ်ယာရှင်များထံသို့ အသိပေးကြေညာခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/qE5GJ

■ **MCB | Aug 2026**

အစုရှယ်ယာရှင်များသို့ အသိပေးအကြောင်းကြားခြင်း

MCB ဘဏ်မှ ၂၀၂၆ ခုနှစ်၊ သြဂုတ်လ ၇ ရက်နေ့တွင် ၂၀၂၅-၂၆ ဘဏ္ဍာရေးနှစ်အတွက် ၃၄ ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကျင်းပမည့် အကြောင်းနှင့် ဒါရိုက်တာအဖွဲ့ပြန်လည်ဖွဲ့စည်းမည်ဖြစ်သောကြောင့် ဒါရိုက်တာအဆိုပြုပုဂ္ဂိုလ်များကို အထွေထွေအစည်းအဝေးမကျင်းပမီ ကြိုတင်ပေးပို့ပေးရန်အကြောင်း အား ရှယ်ယာရှင်များထံသို့ အသိပေးကြေညာခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/PeShs

■ **MCB | Sep 2026**

Record date အသိပေးကြေညာခြင်း

MCB ဘဏ်မှ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့တွင် ၂၀၂၅-၂၀၂၆ခုနှစ်အတွက် အစုရှယ်ယာရှင်အတည်ပြုမည့်ရက် Record date အား ရှယ်ယာရှင်များထံသို့ အသိပေးကြေညာခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/djJvI

■ **FPB | Sep 2026**

နှစ်ပတ်လည်အစီရင်ခံစာထုတ်ပြန်ကြေညာခြင်း

FPB ဘဏ်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် နှစ်ပတ်လည်အစီရင်ခံစာကို ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့တွင် အသိပေးထုတ်ပြန်ခဲ့ပါသည်။
အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/6V53x

■ **FPB | Sep 2026**

Record date အားအသိပေးကြေညာခြင်း

FPB ဘဏ်မှ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့တွင် ၂၀၂၅-၂၀၂၆ ခုနှစ်အတွက် အစုရှယ်ယာရှင်အတည်ပြုမည့်ရက် Record Date အား ရှယ်ယာရှင်များထံသို့ အသိပေးကြေညာခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/qKDZ5

စာမျက်နှာ- ၃ သို့

စာရင်းဝင်ကုမ္ပဏီများနှင့်မှတ်ပုံတင်ကုမ္ပဏီများ၏ အရေးကြီးထုတ်ပြန်ချက်များ ဇူလိုင်-ဩဂုတ်-စက်တင်ဘာ-၂၀၂၆

TMH

- နဝမအကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေး ဖိတ်ကြားလွှာ

EFR

- ဘဏ္ဍာရေးရှင်းတမ်းများ ထုတ်ပြန်ကြေညာခြင်း
- စီမံခန့်ခွဲရေးအဖွဲ့၏ ဆွေးနွေးချက်နှင့် လေ့လာသုံးသပ်ချက်များထုတ်ပြန်ကြေညာခြင်း
- နှစ်ပတ်လည်အစီရင်ခံစာထုတ်ပြန်ကြေညာခြင်း
- နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပမည့်နေ့ရက်အား ထုတ် ပြန်ကြေညာခြင်း

AMATA

- ဘဏ္ဍာရေးရှင်းတမ်းများ ထုတ်ပြန်ကြေညာခြင်း
- စီမံခန့်ခွဲရေးအဖွဲ့၏ ဆွေးနွေးချက်နှင့် လေ့လာသုံးသပ်ချက်များထုတ်ပြန်ကြေညာခြင်း
- နှစ်ပတ်လည်အစီရင်ခံစာထုတ်ပြန်ကြေညာခြင်း
- အစည်းအဝေးဆုံးဖြတ်ချက်များထုတ်ပြန်ကြေညာခြင်း

MAEX

- အမြတ်ဝေစုခွဲဝေပေးမည့်အစီအစဉ်အားထုတ်ပြန်ကြေ ညာခြင်း
- ဒဿမအကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေး ဖိတ်ကြားလွှာ
- နှစ်ပတ်လည်အစီရင်ခံစာထုတ်ပြန်ကြေညာခြင်း
- အစည်းအဝေးဆုံးဖြတ်ချက်များထုတ်ပြန်ကြေညာခြင်း

MADPL

- နှစ်ပတ်လည်အစီရင်ခံစာထုတ်ပြန်ကြေညာခြင်းး

ASPGB

- အစည်းအဝေးအဆုံးအဖြတ်များအားထုတ်ပြန်ကြေညာခြင်း
- ရှယ်ယာအစောင်ရေခွဲခြမ်းမှုအား အသိပေးထုတ်ပြန်ခြင်း
- နဝမအကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားခြင်း
- နှစ်ပတ်လည်အစီရင်ခံစာထုတ်ပြန်ခြင်း

LISTED & REGISTERED COMPANIES UPDATES (Q2-2026-27)

■ **TMH| Sep 2026**

နဝမအကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေးဖိတ်ကြားလွှာ

TMH ကုမ္ပဏီလီမိတက်သည် ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်နေ့တွင် ကုမ္ပဏီ၏ နဝမအကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေး ဖိတ်ကြားလွှာ အား ရှယ်ယာရှင်များထံသို့ အသိပေးထုတ်ပြန်ခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/L5w4h

■ **EFR| Aug 2026**

ဘဏ္ဍာရေးရှင်းတမ်းများထုတ်ပြန်ကြေညာခြင်း

EFR အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့တွင် ၂၀၂၅-၂၀၂၆ ခုနှစ်၏ စာရင်းစစ်ဆေးပြီး ဘဏ္ဍာရေး ရှင်းတမ်းအပေါ်စီမံခန့်ခွဲရေးအဖွဲ့၏ ဆွေးနွေးချက်နှင့်လေ့လာသုံးသပ်ချက်များကို ရှယ်ယာရှင်များထံသို့ အသိပေးကြေညာခဲ့ပါသည်။
အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/EaV6G

■ **EFR| Aug 2026**

စီမံခန့်ခွဲရေးအဖွဲ့၏ဆွေးနွေးချက်နှင့်လေ့လာသုံးသပ်ချက်များ ထုတ်ပြန်ကြေညာခြင်း

EFR အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့တွင် ၂၀၂၅-၂၀၂၆ခုနှစ်၏ စာရင်းစစ်ဆေးပြီး ဘဏ္ဍာရေး ရှင်းတမ်းအပေါ်စီမံခန့်ခွဲရေးအဖွဲ့၏ ဆွေးနွေးချက်နှင့်လေ့လာသုံးသပ်ချက်များကို ရှယ်ယာရှင်များထံသို့ အသိပေးကြေညာခဲ့ပါသည်။
အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/EaV6G

■ **EFR | Aug 2026**

နှစ်ပတ်လည်အစီရင်ခံစာထုတ်ပြန်ကြေညာခြင်း

EFR ကုမ္ပဏီလီမိတက်သည် ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်နေ့တွင် ၎င်း၏နှစ်ပတ်လည်အစီရင်ခံစာအား ရှယ်ယာရှင်များထံသို့ အသိပေးထုတ်ပြန်ခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/fffhP

■ **EFR| Sep 2026**

နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပမည့်နေ့ရက်အားထုတ်ပြန်ကြေညာခြင်း

EFR အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့တွင် ၎င်း၏ ဒဿမအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး ကျင်းပမည့်နေ့ရက်အား ရှယ်ယာရှင်များထံသို့ အသိပေးကြေညာခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/q4YtO

■ **AMATA | Jul 2026**

ဘဏ္ဍာရေးရှင်းတမ်းများထုတ်ပြန်ကြေညာခြင်း

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့တွင် Amata ကုမ္ပဏီသည် ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ တွင် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်အတွက် စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများ စာရင်းစစ်ပြီးအခြေအနေကို အစုရှယ်ယာရှင်များထံသို့ ထုတ်ပြန်အသိပေးခဲ့သည်။ အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/dHxDJ

■ **AMATA | Jul 2026**

စီမံခန့်ခွဲရေးအဖွဲ့၏ဆွေးနွေးချက်နှင့်လေ့လာသုံးသပ်ချက်များထုတ်ပြန်ကြေညာခြင်း

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့တွင် AMATA အုပ်စု ကုမ္ပဏီလီမိတက်မှ AMATAအုပ်စု ကုမ္ပဏီလီမိတက်မှ ၂၀၂၅ / ၂၀၂၆ ခုနှစ်အသီးသီး၏ မတ်လ ၃၁ တွင်ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်ဝက် ကာလအတွက် လုပ်ငန်းရလဒ်များအား စီမံခန့်ခွဲရေးအဖွဲ့၏ ဆွေးနွေးမှုများနှင့် ခွဲခြမ်းစိတ်ဖြာမှု အစီရင်ခံစာအား အစုရှယ်ယာရှင်များသို့ အသိ ပေးထုတ်ပြန်ခဲ့သည်။ အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/BFG66

■ **AMATA| Jul 2026**

နှစ်ပတ်လည်အစီရင်ခံစာထုတ်ပြန်ကြေညာခြင်း

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့တွင် Amata ကုမ္ပဏီသည် ၂၀၂၆ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာ အား အစုရှယ်ယာရှင်များ ထံသို့ ထုတ်ပြန်အသိပေးခဲ့သည်။အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/sRMRN

■ **AMATA| Jul 2026**

အစည်းအဝေးဆုံးဖြတ်ချက်များထုတ်ပြန်ကြေညာခြင်း

Amata ကုမ္ပဏီသည် ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၁ရက်နေ့တွင် အွန်လိုင်းဖြင့်ကျင်းပခဲ့သော အဋ္ဌမ အကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေး၏ အစည်းအဝေးအဆုံးအဖြတ်များအား အစုရှယ်ယာရှင်များ ထံသို့ ထုတ်ပြန်အသိပေးခဲ့သည်။ အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/k9ynN

■ **MAEX | Jul 2026**

အမြတ်ဝေစုခွဲဝေမည့်အစီအစဉ်အားထုတ်ပြန်ကြေညာခြင်း

MAEX Public ကုမ္ပဏီလီမိတက်မှ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် အဆိုပြုထားသည့် အမြတ်ဝေစု၊ အမြတ်ဝေစုခံစားခွင့်ရရှိမည့် အစုရှယ်ယာရှင်အဖြစ် အတည်ပြုမည့်ရက်နှင့် အမြတ်ဝေစုခံစားခွင့်မရှိသော အစုရှယ်ယာဝယ်ယူသည့်ရက်တို့အား အသိပေးကြေညာခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/iM17U

■ **MAEX | Jul 2026**

ဒဿမအကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေးဖိတ်ကြားလွှာ

MAEX Public ကုမ္ပဏီလီမိတက်မှ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင် ၂၀၂၆ ခုနှစ်၊ ဩဂုတ် ၂၈ ရက်နေ့တွင် အွန်လိုင်းဖြင့် ကျင်းပမည့် ဒဿမအကြိမ်မြောက်နှစ်ပတ်လည် အထွေထွေ အစည်းအဝေးဖိတ်ကြားလွှာအား အသိပေးကြေညာခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်:https://shorturl.at/gmzAw

■ **MAEX | Aug 2026**

နှစ်ပတ်လည်အစီရင်ခံစာထုတ်ပြန်ကြေညာခြင်း

MAEX Public ကုမ္ပဏီလီမိတက်မှ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့တွင် ၂၀၂၅-၂၀၂၆ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာအား ထုတ်ပြန်ခဲ့ပါသည်။
အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/Ky9ha

■ **MAEX | Aug 2026**

အစည်းအဝေးဆုံးဖြတ်ချက်များအားထုတ်ပြန်ကြေညာခြင်း

MAEX Public ကုမ္ပဏီလီမိတက်မှ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့တွင် အွန်လိုင်းဖြင့်ကျင်းပခဲ့သည့် ဒဿမအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေ အစည်းအဝေး၏ အစည်းအဝေးအဆုံးအဖြတ်များအား အသိပေး ကြေညာခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://shorturl.fm/mtbOJ

■ **MAEX | Aug 2026**

အမြတ်ဝေစုထုတ်ယူနိုင်မည့်အစီအစဉ်အားအသိပေးကြေညာခြင်း

MAEX Public ကုမ္ပဏီလီမိတက်မှ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် အမြတ်ဝေစုခံစားခွင့်ရသည့်အစုရှယ်ယာများအတွက်အမြတ်ဝေစုအားထုတ်ယူနိုင်မည့်အစီစဉ်များကိုအသိပေးအကြောင်းကြားခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/Udbcs

■ **MADPL | Sep 2026**

နှစ်ပတ်လည်အစီရင်ခံစာအားထုတ်ပြန်ကြေညာခြင်း

MADPL အများပိုင်ကုမ္ပဏီလီမိတက်မှ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့တွင် နှစ်ပတ်လည်အစီရင်ခံစာအား အစုရှယ်ယာရှင်များထံသို့ ထုတ်ပြန်ခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://shorturl.fm/4HpRi

■ **ASPGB| Jul 2026**

အစည်းအဝေးဆုံးဖြတ်ချက်များအားထုတ်ပြန်ကြေညာခြင်း

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ဂွတ်ဘရာသား အများပိုင်ကုမ္ပဏီလီမိတက်၏ အထူးအထွေထွေအစည်းအဝေး၏ ဆုံးဖြတ်ချက်များအား ထုတ်ပြန်ခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://shorturl.fm/DfClk

■ **ASPGB | Jul 2026**

ရှယ်ယာအစောင်ရေခွဲခြမ်းမှုအား အသိပေးထုတ်ပြန်ခြင်း

ဂွတ်ဘရာသား အများပိုင် ကုမ္ပဏီလီမိတက်သည် ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့တွင် ၎င်း၏အစုရှယ်ယာများအား ရှယ်ယာအစောင်ရေခွဲခြမ်းမှု (share split) ဖြစ်ကြောင်း ရှယ်ယာရှင်များထံသို့ အသိပေးထုတ်ပြန်ခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://shorturl.fm/Mg17r

■ **ASPGB | Sep 2026**

နဝမအကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားခြင်း

ဂွတ်ဘရာသား အများပိုင်ကုမ္ပဏီလီမိတက်မှ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့တွင် ၎င်း၏နဝမအကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေး ဖိတ်ကြားခြင်းကို ရှယ်ယာရှင်များထံသို့ အသိပေးထုတ်ပြန်ခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://shorturl.fm/WFtxz

■ **ASPGB| Sep 2026**

နှစ်ပတ်လည်အစီရင်ခံစာထုတ်ပြန်ခြင်း

ဂွတ်ဘရာသားအများပိုင်ကုမ္ပဏီလီမိတက်မှ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကုမ္ပဏီ၏ ၂၀၂၅-၂၀၂၆ နှစ်ပတ်လည်အစီရင်ခံစာအား ရှယ်ယာရှင်များ ထံသို့ အသိပေးထုတ်ပြန်ခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://shorturl.fm/SqOjc

၂၀၂၆-၂၀၂၇ ဒုတိယသုံးလပတ်အတွင်း YSX ဈေးကွက်အခြေအနေ


Continuous Trading + Block Trading (Main Board+ Pre Listing Board)

STATISTCS AT A GLANCE	Q1-26/27 (Apr-Jun)	Q2-26/27 (Jul-Sep)	%CHANGE
အရောင်းအဝယ်ပြုလုပ်သည့်ရက်စုစုပေါင်း	၅၆	၆၅	၁၆%
စာရင်းဝင်ကုမ္ပဏီအရေအတွက်	၈	၈	၀%
မှတ်ပုံတင်ကုမ္ပဏီအရေအတွက်	၂	၂	0%
စတော့အညွှန်းကိန်း (MYANPIX)	၈၂၅.၂၉	၈၃၂.၅၄	၁%
စတော့အညွှန်းကိန်း (PLB Index)	၄,၇၇၂	၈၃၆၄.၉၆	၇၅%
အရောင်းအဝယ်ဖြစ်မြောက်သည့်ရှယ်ယာစောင်ရေစုစုပေါင်း (Main Board)	၁,၅၅၈,၅၆၇	၂,၄၈၇,၅၅၈	၆၀%
အရောင်းအဝယ်ဖြစ်မြောက်သည့်ရှယ်ယာစောင်ရေစုစုပေါင်း (PLB)	၇၆,၁၈၈	၅၄၀,၅၁၅	၆၀၉%
အရောင်းအဝယ်ဖြစ်မြောက်သည့်ရှယ်ယာစောင်ရေစုစုပေါင်း (MB+PLB)	၁၆၃၄,၇၅၅	၃၀၂၈,၀၇၃	၈၅%
နေ့စဉ်ပျမ်းမျှအရောင်းအဝယ်ဖြစ်မြောက်သည့်ရှယ်ယာစောင်ရေ (MB+PLB)	၂၉,၁၉၂	၄၆,၅၈၆	၆၀%
အရောင်းအဝယ်ဖြစ်မြောက်သည့်စတော့ရှယ်ယာတန်ဖိုးစုစုပေါင်း(ကျပ်သန်းပေါင်း) (MB)	၉,၁၁၃	၈၈၂၂.၆၇	-၃%
အရောင်းအဝယ်ဖြစ်မြောက်သည့်စတော့ရှယ်ယာတန်ဖိုးစုစုပေါင်း(ကျပ်သန်းပေါင်း)(MB)	၁,၁၄၁	၄၈၁၄.၂၉	၃၂၂%
အရောင်းအဝယ်ဖြစ်မြောက်သည့်စတော့ရှယ်ယာတန်ဖိုးစုစုပေါင်း(ကျပ်သန်းပေါင်း)(MB+PLB)	၁၀,၂၅၄	၁၃,၆၃၆.၉၆	၃၃%
နေ့စဉ်ပျမ်းမျှအရောင်းအဝယ်ဖြစ်မြောက်သည့်စတော့ရှယ်ယာတန်ဖိုးစုစုပေါင်း(ကျပ်သန်းပေါင်း)(MB+PLB)	၁၈၃	၂၀၉.၈၀	၁၅%
ဈေးကွက်တန်ဖိုးစုစုပေါင်း(ကျပ်သန်းပေါင်း) (MB+PLB)	၁,၈၄၂,၅၁၇	၂,၀၆၄,၉၀၈	၁၂%


QUARTERLY STOCK PERFORMANCE (Q2- 2026-27)

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒုတိယသုံးလပတ်အတွင်း YSX ဈေးကွက်အခြေအနေ


Continuous Trading Only




ရှယ်ယာစောင်ရေစုစုပေါင်း - ၆၅,၉၃၁
တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၁၁၉၀.၆၃




ရှယ်ယာစောင်ရေစုစုပေါင်း -၁၇၁,၁၄၃
တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၁၄၇၃.၄၃




ရှယ်ယာစောင်ရေစုစုပေါင်း - ၁ ၂,၁၁၀
တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၁၅၈.၅၉




ရှယ်ယာစောင်ရေစုစုပေါင်း - ၉၅,၀၅၄
တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၆၅၃.၁၅




ရှယ်ယာစောင်ရေစုစုပေါင်း - ၆,၀၈၄
တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၂၁.၀၈




ရှယ်ယာစောင်ရေစုစုပေါင်း - ၁၅၉,၂၁၈
တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၃၀၀.၀၅



ရှယ်ယာစောင်ရေစုစုပေါင်း - ၇,၈၅၀
တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၃၂.၄၉



ရှယ်ယာစောင်ရေစုစုပေါင်း - ၇၈,၇၂၃
တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၅၁၇.၄၃




ရှယ်ယာစောင်ရေစုစုပေါင်း - ၅၉၆,၁၁၃
တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၄၃၄၇.၃၄


QUARTERLY STOCK PERFORMANCE (Q2- 2026-27)

၂၀၂၆- ၂၀၂၇ ဘဏ္ဍာနှစ် ဒုတိယသုံးလပတ်အတွင်း YSX ဈေးကွက်အခြေအနေ


Continuous Trading Only



ရှယ်ယာစောင်ရေစုစုပေါင်း - ၇၇,၆၄၅
တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၄၉၃.၄၁



ရှယ်ယာစောင်ရေစုစုပေါင်း - ၄၄၆,၈၇၀
တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၄,၂၁၅.၂၈



ရှယ်ယာစောင်ရေစုစုပေါင်း - ၅၂၄,၅၁၅
တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၄,၇၀၈.၆၉